ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ ၁/၂၀၂၂

ရက်စွဲ ၊ ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၁ ရက်

အကြောင်းအရာ။ အသုံးပြုပြီးစက်ဘီး (Used Bicycle) များအား တင်သွင်းခွင့်ပြုခြင်း

၁။ ပြည်တွင်းရှိ အခြေခံလူတန်းစားများအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသော ပြည်ပစက်ဘီးအဟောင်းများကို အသုံးပြုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၃ ခုနှစ်မှစ၍ နှစ်အလိုက် တင်သွင်းခွင့်ပြုခဲ့သော အသုံးပြုပြီးစက်ဘီး (Used Bicycle) များကို ဆက်လက်၍ တင်သွင်းခွင့်ပြုလိုက်သည်။

၂။ အသုံးပြုပြီးစက်ဘီးများ တင်သွင်းရာတွင် ပြည်တွင်း၌ အသုံးပြု၍မရသော စက်ဘီးပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် အောက်ပါသတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်ပါသည်-

(က) စက်ဘီးအင်္ဂါရပ်နှင့် ပြည့်စုံသော အသင့်အသုံးပြုနိုင်သည့် စက်ဘီးများဖြစ်ရမည်။

(ခ) အသုံးပြုပြီး လျှပ်စစ်စက်ဘီး (E-Bike) မဟုတ်သော စက်ဘီးများဖြစ်ရမည်။

၃။ အသုံးပြုပြီးစက်ဘီး (Used Bicycle) တင်သွင်းခွင့်ပြုခြင်းကို ပြည်တွင်းလိုအပ်ချက်ပေါ်မူတည်၍ လိုအပ်သလို ပြန်လည်သုံးသပ်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန